**MYEA**


# MYANMAR YOUNG ENTREPRENEURS ASSOCIATION

# NEWSLETTER

**DECEMBER - 2020** Issue 3

## Global Entrepreneurship Week 2020

## အား နိုဝင်ဘာလ (၁၆) ရက်နေ့မှ (၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် Virtual Event များ




# ENTREPRENEURS EXCLUSIVE INTERVIEW

**ဒေါ်ထက်ရည်**

**Founder of Brand You**

Co-Founder of Brand You Academy

**EC, MYEA**



ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၏ လစဉ် အစည်းအဝေးများ

အသင်းချုပ် စီမံခန့်ခွဲရေးကော်မတီလစဉ်အစည်းအဝေးများ

ဗဟိုအလုပ်အမှုဆောင်များနှင့် ကော်မတီ(၆)ရပ်၏အစည်းအဝေးများ

အသင်းချုပ်၏ အသင်းသားများထံ ထုတ်ပြန်စာများ၊ ဖြန့်ဝေစာများ

MYEA အသင်းဝင်များအတွက် သီးသန့်အထူးလျှော့ဈေးများဖြင့် အကြိမ်အရေအတွက် အကန့်အသတ်မရှိအသုံးပြုနိုင်မည့် Member Benefit Program




# Global Entrepreneurship Week (GEW 2020)ကျင်းပပြုလုပ်












ကမ္ဘာ့နိုင်ငံအသီးသီးတွင် စွန့်ဦးတီထွင်ယဉ်ကျေးမှု ပိုမိုတိုးတက်လာစေရန်ရည်ရွယ်ချက်ဖြင့် နှစ်စဉ်နိုဝင်ဘာလဒုတိယအပတ်၌ ကျင်းပလေ့ရှိသော ကမ္ဘာလုံးဆိုင်ရာစွန့်ဦးတီထွင် ရက်သတ္တပတ် "Global Entrepreneurship Week" ကို မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)မှ ယခင်နှစ်များအတိုင်းNational Host အဖြစ်တာဝန်ယူဦးဆောင်ကာ ယခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခုနှစ် GWE ၂၀၂၀ ၏ဆောင်ပုဒ်မှာ "Education, Ecosystem, Inclusion, Policy" ဖြစ်ပါသည်။ ယခုနှစ် စွန့်ဦးတီထွင်ရက်သတ္တပတ်အတွင်း အထက်ပါ ကဏ္ဍ ၄ ခုဖြစ်သည့် "ပညာရေး၊ ဂေဟာစနစ်၊ အားလုံးပူးပေါင်းပါဝင်ခြင်း၊ မူဝါဒကဏ္ဍ "များမှာ စွန့်ဦးတီထွင်သူများ ပိုမိုမွေးထုတ်နိုင်စေရန်၊ စွန့်ဦးတီထွင်မှုကို ပိုမိုအားပေးအားမြှောက်ပြုလာစေရန်အတွက် ပြည်တွင်းတွင်ရှိသော လူငယ်များ၊ စွန့်ဦးတီထွင်သူများ၊ အဖွဲ့အစည်းများ၏ အသံများ၊ လုပ်ဆောင်ချက်များကို ယခုရက်သတ္တပတ်အစီအစဉ်မှ ထုတ်ဖော်ပြသနိုင်ရန်ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

ယခုအချိန်တွင် ကမ္ဘာ့ကပ်ရောဂါ Covid-19 ကို အခြားနိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင်လည်းရင်ဆိုင်နေရဆဲဖြစ်သဖြင့် ယခုနှစ် စွန့်ဦးတီထွင်ရက်သတ္တပတ်တွင် အခမ်းအနားများအားလုံးကို Virtual Event များအနေဖြင့်သာ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကျင်းပပြုလုပ်ခဲ့ရပါသည်။ ယခင်နှစ်များက ပူးပေါင်းပါဝင်ခဲ့ကြသော အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ပုဂ္ဂိုလ်များသာမက အခြားစိတ်ပါဝင်စားသူများလည်း ပါဝင်ဆင်နွှဲခဲ့ကြသည်။


ယခုနှစ် GEW 2020 တွင် MYEA နှင့် နိုင်ငံအဝှမ်းမှ Organizers (၁၇) ဦး ပူးပေါင်းပါဝင်ခဲ့ကြပြီး ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ဘားအံ၊ မကွေး စသည့် မြို့အသီးသီးတွင် စုစုပေါင်း (၂၅) ပွဲအထိ ကျင်းပပြုလုပ်ခဲ့ရာ ပြည်တွင်းမှ ကြည့်ရှုသူ (44.2 K) အထိရှိခဲ့သည်။ အခမ်းအနားကျင်းပသည့် ပုံရိပ်များကို GEN Myanmar Page, GEN Website နှင့် MYEA FB Page တို့တွင် ထုတ်လွှင့်ပြသခဲ့ပါသည်။ GEW ပွဲများတွင် ပါဝင်ဆွေးနွေးဟော ပြောပေးခဲ့သည့် Panelists/Speaker များအား ကျေးဇူးတင်ဂုဏ်ပြုသည့်အနေဖြင့် MYEA မှဂုဏ်ပြုလက်ဆောင် Trophy များလည်း ပေးပို့ပေးခဲ့ပါသည်။


လာမည့် ၂၀၂၁တွင် GEW Event များကို နိုဝင်ဘာလ ၈ ရက်နေ့မှ ၁၀ ရက်နေ့အတွင်း ကျင်းပရန်လျာထားပြီး GEW မှ ကြိုတင် အသိပေးကြေညာခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်။







# "MYEA Virtual Networking Event" ကို Global Entrepreneurship Week 2020 နှင့်အတူ ကျင်းပပြုလုပ်









မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA)၏ လစဉ်ပုံမှန်ပြုလုပ်လျှက်ရှိသည့် "Virtual Networking Event" ကို Global Entrepreneurship Week 2020 နှင့်အတူ ပြီးခဲ့သည့် နိုဝင်ဘာလ (၂၁)ရက်နေ့က၊ ညနေ (၄) နာရီမှ (၆)နာရီအထိ MYEA's Zoom Meeting Platform ပေါ်မှတစ်ဆင့် အသင်းဝင်များသီးသန့်ကျင်းပပြုလုပ်ခဲ့ပါသည်။

Virtual Networking Event တွင် MYEA ၏ ဥက္ကဋ္ဌ ဒေါက်တာအောင်သူရမှ အဖွင့်အမှာစကားပြောကြားပေးခဲ့ကာ တိုင်း/ပြည်နယ်ညီနောင်အသင်းဥက္ကဋ္ဌများနှင့် MYEA ၏ အထွေထွေအတွင်းရေးမှူး ဦး ဝင်းထက်မောင်မောင်တို့မှလည်း နှုတ်ခွန်းဆက်စကားများ ပြောကြားပေးခဲ့ပါသည်။

ထို့နောက်အသင်းဝင်အသစ်များအား ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် တစ်ဦးချင်းစီအား မိတ်ဆက်စကားများ ပြောကြားစေခဲ့ပြီး ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ခဲ့ကြပါသည်။


ယခု Event တွင် Member Affairs Committee ၏ Secretary-



မရတနာဇော်မှ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးခဲ့ကာ ထူးထူးခြားခြား အစီအစဉ်တစ်ခုအနေနှင့် Public Relations Committee ၏ ဖိတ်ကြားမှုဖြင့် Honorable Guest Speaker အဖြစ် ထပ်ဆင့်အကယ်ဒမီ ထက်ထက်မိုးဦးကိုယ်တိုင် ပါဝင်တက်ရောက်ဆင်နွှဲခဲ့ပါသည်။

တက်ရောက်လာသည့် အသင်းသူ၊ အသင်းသားများမှ သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ ထက်ထက်မိုးဦးမှ သူမ၏ ငယ်စဉ်ဘဝမှ ယနေ့အချိန်အထိ ကြိုးစားခဲ့ရပုံများ၊ ကံကြမ္မာအလှည့်အပြောင်း အနိမ့်အမြင့်အတက်အကျများ ကြုံရချိန်တွင် ထားရှိခဲ့သောစိတ်ထားနှင့် ရင်ဆိုင်ဖြေရှင်းခဲ့ပုံများကို အားတက်သရော မျှဝေခဲ့ပါသည်။

ထို့နောက် Breakout Rooms Session အစီအစဉ်အား ဆက်လက်ကျင်းပခဲ့ပြီး တက်ရောက်လာသည့် အသင်းချုပ်နှင့် တိုင်း/ပြည်နယ်အသင်းများမှ အသင်းသားများရင်းနှီးချစ်ခင်စွာ ဆွေးနွေးမျှဝေခဲ့ကြပြီး ညနေ (၆)နာရီခန့်တွင် အခမ်းအနားပိတ်သိမ်းခဲ့ပါသည်။

❑❑❑







MYEA
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION
NEWSLETTER
DECEMBER -2020




# ကျေးဇူးတင်လွှာ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် နိုဝင်ဘာလ ဒုတိယအပတ်၌ ကျင်းပလေ့ရှိသော ကမ္ဘာလုံးဆိုင်ရာစွန့်ဦးတီထွင် ရက်သတ္တပတ် "Global Entrepreneurship Week" ကို မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) မှ National Host အဖြစ် တာဝန်ယူ ဦးဆောင်ကာ ယခုနှစ် နိုဝင်ဘာလ( ၁၆) ရက်နေ့မှ (၂၂)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

GEW Event Organizer များအဖြစ် Karen Ethnic Entrepreneur Association (KEEA), Building Market, Myanmar Business Executives Association (MBE), Women Entrepreneurship Working Group (WEWG), Chate Sat Freelancing Platform, Mandalay Region Young Entrepreneurs Association (MRYEA), Global Shapers Yangon, Lan Pya Kyal, Kudos to you Professional Development Academy, မကွေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ, Yangon Region Young Entrepreneurs Association (YRYEA), Strategy First University, Myanmar Women Entrepreneur Association (MWEA), Mentor Space, AIM Management Institute, PS Business School တို့မှပူးပေါင်းပါဝင်ခဲ့ပြီး "Social Enterprise for Youth Development, Education & Job Opportunities", Entrepreneurs in Recycling: Challenges and Opportunities During Pandemic, "Mentoring Program for Entrepreneur", "Moving Your Business with Digital", "Female Founder and Financing", "Redesigning Your Business", "Moving Forward wirh Covid 19:Stories and Experiences from ASEAN Entrepreneur", "Workplace Culture", "Virtual Selling:The Next BCP", လူငယ်နှင့် COVID-19 ကာလပညာရေး၊စီးပွားရေး၊အလုပ်အကိုင်အခွင့်အလမ်း၊ "Going Digital", "SFU Business Plan Competition", "Women Entrepreneur and Rise of Digital Economy", "Profit Vs Impact Vs Sustainability", "How to start a social or Impact Business", "Networking Party", "Resilience Exploration Session", "Reshaping Your Business By Adapting Change", "Meet the Winner of Ecothon for SCP in Myanmar 2020 : Tea Story", "Women in Business : Passion & Profession", "Entrepreneur Eco-system", "Meet the Winner of Ecothon for SCP in Myanmar 2020 : PROcycle", "Meet the Winner of Ecothon for SCP in Myanmar 2020 : Shwe Mann", "Back to 20s" အစရှိသည့် ခေါင်းစဉ်များဖြင့် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် ပွဲပေါင်း (၂၅)ပွဲအထိ ကျင်းပနိုင်ခဲ့ပါသည်။

ယခုကဲ့သို့ ကမ္ဘာ့ကပ်ရောဂါ Covid-19 ကို ရင်ဆိုင်နေရဆဲကာလတွင် GEW အခမ်းအနားများ အားလုံးကို Virtual Event များအနေဖြင့်သာ ကျင်းပပြုလုပ်ခဲ့ရသော်လည်း အားတက်သရော ပူးပေါင်းပါဝင်ပေးခဲ့ကြသည့် MYEA ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှ Organizer များ၊ မိမိတို့၏ အတွေ့အကြုံများကို စေတနာအရင်းခံဖြင့် မျှဝေပေးခဲ့ကြသော Guest Speaker များ၊ ပြည်တွင်း၊ ပြည်ပမှ GEW အခမ်းအနားဖြစ်မြောက်ရေး တာဝန်ရှိသူများ၊ အသင်းသားများနှင့် မအားလပ်သည့်ကြားမှ အချိန်ပေးကြည့်ရှုအားပေး ဆွေးနွေးမေးမြန်းခဲ့ကြသူများအားလုံးကို မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA)မှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

## ပြည်တွင်းတွင်း ကျင်းပခဲ့သည့် GEW 2020 Virtual Event များ

| No | Name of organization | Reach | Event Title | Reg; | Date | Location |
|---|---|---|---|---|---|---|
| 1 | Karen Ethnic Entrepreneurs Association (KEEA) | 2.5 K | Social Enterprise for Youth Development | 1 | 21 | Karen |
| 2 | Karen Ethnic Entrepreneurs Association (KEEA) | 5.5 k | Education & Job Opportunities | | 22 | |
| 3 | Building Market | 1.6 K | Entrepreneurs in Recycling: Challenges and Opportunities During Pandemic | 1 | 20 | Yangon |
| 4 | Myanmar Business Executives Association (MBE) | 3.7 K | Mentoring Program for Entrepreneur | 1 | 22 | Yangon |
| 5 | Women Entrepreneurship Working Group (WEWG) | 4.9 K | Moving Your Business with Digital | 1 | 20 | Taunggyi |
| 6 | Chate Sat Freelancing Platform | 1.6 K | Female Founder and Financing | 1 | | Yangon |
| 7 | Mandalay Region Young Entrepreneurs Association (MRYEA) | 3.1 K | Redesigning Your Business | 1 | 22 | Mandalay |
| 8 | Global Shapers Yangon | 1.6 K | Moving Forward with Covid 19: Stories and Experiences from ASEAN Entrepreneur | 1 | 21 | Yangon |
| 9 | Lan Pya Kyal | 1.7 K | Workplace Culture | 1 | 18 | Yangon |
| 10 | Kudos to you Professional Development Academy | 6.3 K | Virtual Selling:The Next BCP | 1 | 19 | Yangon |
| 11 | မကွေးတိုင်းဒေသကြီးလူငယ်ရေးရာ ကော်မတီ | 2.2 K | လူငယ်နှင့် COVID-19 ကာလ ပညာရေး၊ စီးပွားရေး ၊အလုပ်အကိုင်အခွင့်အလမ်း | 1 | 20 | Magway |
| 12 | YRYEA | 1.6K | Going Digital | 1 | 22 | Yangon |
| 13 | Strategy First University | | SFU Business Plan Competition | 1 | | Yangon |
| 14 | Myanmar Women Entrepreneurs Association (MWEA) | Zoom | Women Entrepreneur and Rise of Digital Economy | 1 | 160 | Yangon |






## ပြည်တွင်းတွင်း ကျင်းပခဲ့သည့် GEW 2020 Virtual Event များ


| No | Name of organization | Reach | Event Title | Reg; | Date | Location |
|---|---|---|---|---|---|---|
| 15 | Mentor Space | 4.5 K | Profit Vs Impact Vs Sustainability | 1 | 21 | Yangon |
| 16 | Mentor Space | 48 | How to start a social or Impact Business | | 22 | Yangon |
| 17 | MYEA | 73 | Networking Party | 1 | 21 | Yangon |
| 18 | MYEA | 26 | Resilience Exploration Session | | 22 | Yangon |
| 19 | AIM Management Institute | 1.2 K | Reshaping Your Business By Adapting Change | 1 | 20 | Mandalay |
| 20 | PS Business School | 580 | Meet the Winner of Ecothon for SCP in Myanmar 2020 : Tea Story | 1 | 17 | Yangon |
| 21 | PS Business School | 392 | Women in Business : Passion & Profession | | 19 | Yangon |
| 22 | PS Business School | 602 | Entrepreneur Ecosystem | | 20 | Yangon |
| 23 | PS Business School | 110 | Meet the Winner of Ecothon for SCP in Myanmar 2020 : | | 21 | Yangon |
| 24 | PS Business School | 170 | Meet the Winner of Ecothon for SCP in Myanmar 2020 : Shwe Mann | | 21 | Yangon |
| 25 | PS Business School | 300 | Back to 20s | | 22 | Yangon |



# THE 5TH ASEAN YOUNG ENTREPRENEURS CARNIVAL 2020 သို့ MYEA ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ အသင်းသားများတက်ရောက်





Vietnam Young Entrepreneurs Association (VYEA) မှ အိမ်ရှင်အဖြစ်စီစဉ်ကျင်းပသည့် (၅)ကြိမ်မြောက် အာဆီယံလူငယ်စွန့်ဦးတီထွင်ရှင်များပွဲတော်ကို ဗီယက်နမ်နိုင်ငံတွင် ပြီးခဲ့သည့် နိုဝင်ဘာလ (၃၀)ရက်၊ မြန်မာစံတော်ချိန် (၇)နာရီမှ (၁၀)နာရီအထိ ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA)၏ဥက္ကဋ္ဌ ဒေါက်တာ အောင်သူရ၊ ဒုဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ အသင်းသားများတက်ရောက်ဆင်နွှဲခဲ့ပါသည်။

ယင်း Carnival အား Webex Online Meeting Conference ဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အထူးဖိတ်ကြားထားသူများလည်း စုံညီစွာတက်ရောက်ခဲ့ကြပါသည်။ အစီအစဉ်ပထမပိုင်းတွင် အခမ်းအနားစတင်





















ဖွင့်လှစ်ခဲ့ပြီး ASEAN Young Entrepreneurs Council ၏ ယခုနှစ် အလှည့်ကျဥက္ကဋ္ဌဖြစ်သူ VYEA ၏ ဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး AYEC (၅)နှစ်တာ ဖြတ်သန်းခဲ့သည့်အကျဉ်းချုပ်ဗွီဒီယိုဖိုင်အား ပြသခဲ့ကာ ဗီယက်နမ်အစိုးရအကြီးအကဲမှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။

ယင်းနောက် Ecosystem & Alliance - ASEAN Young Entrepreneurs Future through Strategic Collaboration Topic-1 အား ဆွေးနွေးခဲ့ပြီး Topic 2 အနေဖြင့် Road-map to the Digital Future အစီအစဉ်တို့အား ဆက်လက်ကျင်းပခဲ့ပါသည်။ ဗီယက်နမ်အစိုးရ၏ ဦးဆောင်မှုဖြင့်ထုတ်ပြန်ချက်အချို့လည်း ရှင်းလင်းတင်ပြခဲ့ပြီးနောက် AYEC ၂၀၂၁ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌအဖြစ် ဘရူနိုင်းနိုင်ငံအား လွှဲပြောင်းပေးအပ်ခဲ့ပြီး အစီအစဉ်အား ပြီးဆုံးခဲ့ပါသည်။

ASEAN YOUNG ENTREPRENEURS COUNCIL ၏ ကြီးမှူးကျင်းပမှုဖြင့် ASEAN YOUNG ENTREPRENEURS CARNIVAL အား ၂၀၁၆ခုနှစ်မှစတင်ကာ အဖွဲ့ဝင်နိုင်ငံများမှ အိမ်ရှင်အနေဖြင့် အလှည့်ကျနှစ်စဉ်ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။


မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) အနေဖြင့်လည်း လာမည့်နှစ်အပိုင်းအခြားတစ်ခုခုတွင် AYEC ကို အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားရမည်ဖြစ်သည်။

## AYEC အလှည့်ကျ ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံနှင့် ခုနှစ်များ

| စဉ် | အကြိမ် | နိုင်ငံ | ကျင်းပခဲ့သည့်ခုနှစ် |
|---|---|---|---|
| ၁။ | ပထမအကြိမ် | မလေးရှားနိုင်ငံ | ၂၀၁၆ |
| ၂။ | ဒုတိယအကြိမ် | ဖိလစ်ပိုင်နိုင်ငံ | ၂၀၁၇ |
| ၃။ | တတိယအကြိမ် | စင်ကာပူနိုင်ငံ | ၂၀၁၈ |
| ၄။ | စတုတ္ထအကြိမ် | ထိုင်းနိုင်ငံ | ၂၀၁၉ |
| ၅။ | ပဉ္စမအကြိမ် | ဗီယက်နမ်နိုင်ငံ | ၂၀၂၀ |

# "Micro, Small and Medium-Sized Enterprise (MSMEs): Asia 2020" သို့ MYEA ဒုတိယဥက္ကဋ္ဌ ဒေါ်အေးမြတ်မြတ်သူ တက်ရောက်ဆွေးနွေး

၂၀၂၀ပြည့်နှစ် နိုဝင်ဘာလ (၂၃)ရက်နေ့မှ (၂၄)ရက်နေ့အထိ၊ ဂျီနီဗာမြို့၌ UK Trade & Investment Advocacy Fund (TAF2+) WTO Umbrella Grant စီမံကိန်း၏ပံ့ပိုးမှုဖြင့် ကျင်းပပြုလုပ်သည့် "Micro, Small and Medium -Sized Enterprise ( MSMEs):Asia 2020" ဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ Virtual Workshop သို့ တက်ရောက်ပေးပါရန် ဂျီနီဗာမြို့ရှိ International Institute for Sustainable Development (IISD) မှ ဖိတ်ကြားလာရာ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးမြတ်မြတ်သူ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပါသည်။




အဆိုပါဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲတွင် MSMEs ဆိုင်ရာ The WTO Joint Initiative များဖြစ်သည့် အာဖဂန်နစ္စတန်နိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံများမှ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ MSME ပုဂ္ဂလိကကဏ္ဍများနှင့် အသင်းအဖွဲ့များ၊ NGO နှင့် ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များကို ဖိတ်ကြားခဲ့ပြီး နိုင်ငံတကာကုန်သွယ်မှုတွင် MSMEs ပါဝင်နိုင်မှုတိုးမြှင့်နိုင်ရေး၊ Trade Cost and Trade Facilitation၊ အင်တာနက်အသုံးပြု၍ World Market သို့ဝင်ရောက်နိုင်ရေးနှင့် သတင်းအချက်အလက်များရရှိရေးတို့အတွက် စိန်ခေါ်မှုအခက်အခဲများ၊ လိုအပ်ချက်များနှင့် အခွင့်အလမ်းများကို တုံ့ပြန်ဆောင်ရွက်နိုင်မည့် Business Ecosystem တည်ဆောက်ရေး၊ MSMEs ကုန်သွယ်မှုအတွေ့အကြုံများ ဖလှယ်ရေး၊ ငွေကြေးထောက်ပံ့မှုရရှိရေး၊ ကျား/မ တန်းတူညီမျှမှုနှင့် Social Inclusion (GESI) ကဏ္ဍများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

# "ဒစ်ဂျစ်တယ်စီးပွားရေး"အစီအစဉ်တွင် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) ၏ အထွေထွေအတွင်းရေးမှူးချုပ် ဦးဝင်းထက်မောင်မောင် ပါဝင်ဆွေးနွေး"

မြန်မာ့ရုပ်မြင်သံကြားတွင် အပတ်စဉ်ထုတ်လွှင့်နေသည့် "ဒစ်ဂျစ်တယ်စီးပွားရေး"အစီအစဉ်၏ ဒီဇင်ဘာလ(၃) ရက်နေ့ ညနေပိုင်း ထုတ်လွှင့်ခြင်းတွင် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)၏ အထွေထွေအတွင်းရေးမှူးချုပ် ဦးဝင်းထက်မောင်မောင် ပါဝင်ဆွေးနွေးခဲ့ပါသည်။

ယင်းအစီအစဉ်သည် မြန်မာနိုင်ငံ၏ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုတွင်အဓိကအရေးပါသောကဏ္ဍမှာပါဝင်နေသည့်ဒစ်ဂျစ်တယ်စနစ်ဖြင့်ငွေပေးချေမှုအား စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် မည်သို့အသုံးပြုဆောင်ရွက်နိုင်သည်များကို မျှဝေပေးနေခြင်းဖြစ်ပါသည်။








## Member Benefit Program Business Partners

MYEA Member Benefit Program

Member Benefit Program Business Partners

MYEA အသင်းချုပ်မှ အသင်းဝင်များ၏ အကျိုးခံစားခွင့်များကို အမြဲဦးစားပေးစီစဉ်လေ့ရှိသည့်အလျောက် ယခုအကြိမ်တွင်လည်း MYEA အသင်းဝင် (Active Members) များအတွက် (Member Benefit Program) တစ်ခုကို စီစဉ်ထားရှိပါသည်။

MYEA (Active Member) ဖြစ်ပါက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အသီးသီးမှ ရရှိနိုင်သော ပညာသင်ဆုအကျိုးခံစားခွင့်၊ ကျန်းမာရေး၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများ၊ လက်ဝတ်ရတနာများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ စားသောက်ကုန်များ၊ နည်းပညာ၊ မိုဘိုင်းလ်ဖုန်းနှင့် ဆက်စပ်ဝန်ဆောင်မှုများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအပြင် ဝန်ဆောင်မှုလုပ်ငန်းမျိုးစုံတွင် အထူးခံစားခွင့် up to 25% အထိ (Special Discount) ရရှိမည်ဖြစ်ပါသည်။

Special Discount အကျိုးခံစားခွင့်ရရှိရန်အတွက် MYEA (အသင်းဝင်သက်တမ်းမကုန်ဆုံးသေးသော) Active Member ဖြစ်ရန် လိုအပ်ပါသည်။

ဖော်ပြပါကုန်အမှတ်တံဆိပ်များ၏ သတ်မှတ်ထားရှိသော သက်ဆိုင်ရာနေရာများတွင် MYEA Member Benefit Program Stand or Sticker ဖော်ပြထားရှိပေးမည်ဖြစ်ပြီး အသင်းဝင်များမှ အသင်းဝင်ကတ် (Active member card) အားပြသရုံဖြင့် အလွယ်တကူ အကျိုးခံစားခွင့်ရရှိနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ Active Member ဖြစ်ရန် နှစ်စဉ်ကြေးပေးသွင်းပြီး MYEA မှ ပြုလုပ်ပေးသော Member Benefit Program များတွင် အကျိုးခံစားခွင့် အပြည့်အဝရယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယခုလထုတ် Newsletter တွင် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များတွင် အသင်းဝင်များ ရရှိနိုင်မည့် Benefit များအား အသေးစိတ်ဖော်ပြထားရှိပါသည်။

၁။OneAdvice Group Company Limited
၂။ Noble Everest Company Limited
၃။ Angel Eyes Jewellery
၄။ Kaplan Myanmar University College
၅။ Inle Silk & Lotus

# MYEA Member Benefit Program 2020 (December Newsletter)

## ၁။ OneAdvice Group Company Limited လုပ်ငန်းအကြောင်းအကျဉ်းချုပ်

OneAdvice Group was established in 2017. We have three groups under OneAdvice Group that are OneAccounting , OneBrand and OneFinance . As a member of OneAdvice Group, One Accounting was set up to draw financial statements of SMEs, companies as well as training and advisory services. OneBrand was formed for branding services . OneFinance was established for Financial Advisory, Research Investors etc.




**Discount – 5% discount**

- Financial Services, Xero Accounting Software Training, Basic Excel Training and Advanced Excel Training, Preparation to correct Excel Format, Financial Statement for SME Loan, Conversion Manual or Excel data to Online Software, Advisory for Xero Software, Online Based Accounting Services - Branding Services, Branding Basic, Branding Complete, Facebook Basic, Facebook Complete, Video Editing & Animation.

## ၂။ Noble Everest Company Limited လုပ်ငန်းအကြောင်းအကျဉ်းချုပ်

Noble Everest company limited specializes in the business of providing building wires and cables, power transmission cables, medium and low-voltage cables, fire resistance cables, and telecommunications cables for the construction, power and infrastructure industry. Moreover, we distribute high quality metallic conduits, trunkings, wireways, and accessories for the construction use.




**Discount – 5% discount**

for specific items of Building Materials





## ၃။ Angel Eyes Jewellery လုပ်ငန်းအကြောင်းအကျဉ်းချုပ်

ANGEL Eyes Jewellery Shop ကို စာချုပ်စာတန်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၃၅၄/၂၀၁၈) ဖြင့် မှတ်ပုံတင်ခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း နေပြည်တော်မှ တရားဝင်ထုတ်ပေးထားရှိသော ကျောက်မျက်ရတနာရောင်းဝယ်ရေးလိုင်စင်ဖြင့် Angel Eyes Jewellery ၏ စိန်ရွှေရတနာရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ Time City Jewellery Mall မြေညီထပ်တွင် ဖွင့်လှစ်ထားရှိပါသည်။

https://www.facebook.com/myanmarfirstbrandjewelry/
ANGEL EYES Jewellery
A102-A103, Ground Floor,
Jewellery Shopping Mall,
Times City Yangon,
Kamayut Township,
Myanmar. 09 73359994, 09 421102287, 09 785280380




**Discount - 15% discount**

for specific items of Angel Eyes logo products




## ၄။ Kaplan Myanmar University College လုပ်ငန်းအကြောင်းအကျဉ်းချုပ်

About the Business - Kaplan Myanmar University College (KMUC) is part of Kaplan Inc., one of the world's most diverse education providers and is the largest subsidiary of Graham Holdings, formerly The Washington Post Company. As one of the pioneering foreign education groups to set up campus in Myanmar, KMUC specializes in a wide array of programmes leading from foundation and language programmes to higher education Degree programmes. Building futures, one success story at a time, KMUC aims to enable students to achieve their educational and career goals through industry-relevant learning that is respected by employers worldwide.

. Located at one of Yangon's busiest streets along Pyay Road, Kaplan Myanmar University College campus is a 9-storey building, a sprawling space for SMART lifestyle and a blended learning environment for students to acquire knowledge, exchange ideas and engage through social activities. The campus hosts facilities such as co-working spaces, sports studio and state-of-the-art classrooms – The Synergy Pods.

. The Synergy Pods are created to be innovative yet practical and fully interactive, providing a visually stimulating and immersive learning environment for our students. These modern classrooms enhance students' learning experience and engagement through teacher-student discussions and peer-to-peer collaborations.

Website
https://kaplan.com.mm
Facebook
https://www.facebook.com/kmucmyanmar
LinkedIn
https://www.linkedin.com/company/kaplan-myanmar-university-college/
Contact Information
A/6 Waggi Yeik Thar Street, Kamayut Township, Yangon, Myanmar. 09-777 63 6000, 09 777 68 6000
Info.kmuc@kaplan.com

KAPLAN MYANMAR UNIVERSITY COLLEGE

Mission

Kaplan Myanmar University College helps individuals achieve their educational and career goals. We build futures one success story at a time.

Vision

To be the leading private education provider of choice in Myanmar.



**Discount – Corporate discount up to 5% of course fees**




### ၅။ Inle Silk & Lotus လုပ်ငန်းအကြောင်း အကျဉ်းချုပ်

မြန်မာ့ရိုးရာစစ်စစ် အင်းလေးလက်ရက်ကန်းစင်မှထွက်သော အရည်အသွေးကောင်းမွန်စိတ်ချရသည့် ပိုးဇင်းမယ်၊ ချည်ဇင်းမယ်၊ ပိုးပုဝါ၊ ကြာပုဝါများနှင့် Ready to wear အမျိုးသားဝတ် အမျိုးသမီးဝတ်များကို ဂုဏ်ယူစွာဆင်မြန်းနိုင်ရန် အတွက် အချိန်မကုန် လူမပင်ပန်းဘဲ Inle Silk & Lotus Online Shop မှတဆင့် စိတ်ချယုံကြည်စွာ မှာယူနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါတယ်။

**Discount – 10% discount**

Inle Silk & Lotus
Product of Myanmar

**MYEA — VISION**

To be the **leading**, **recognized** institution of empowerment of young entrepreneurs in Myanmar



MYEA
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION
NEWSLETTER
DECEMBER -2020

## MYEA Main Objective

"To empower young entrepreneurs and assist in creating a vibrant entrepreneurship ecosystem in Myanmar"

## "Virtual Christmas & Year End Party" တက်ရောက်ရန် ဖိတ်ကြားခြင်း




### ပွဲအစီအစဉ်အသေးစိတ်

• ကျင်းပမည့်နေရာ •
MYEA's Zoom Platform

• နေ့ရက် •
၁၉.၁၂.၂၀၂၀ (စနေနေ့)

• အချိန် •
ညနေ (၆း၀၀) နာရီ

• Dress Code •
Something Red with Christmas Props

• Registration Link •
https://cutt.ly/0hP2qRI

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) သည် အောက်တိုဘာလမှ စတင်ပြီး "Virtual Networking Event" အား လစဉ်ကျင်းပပြုလုပ်ခဲ့ရာယခု ဒီဇင်ဘာလ (၁၉) ရက်နေ့တွင်လည်း ကျင်းပပြုလုပ်ရန် စီစဉ်ထားရှိပါသည်။

၂၀၂၀ ပြည့် နှစ်ဟောင်းကုန်၍ ၂၀၂၁ နှစ်သစ်ကူးတော့မည့်အချိန်ခါသမယနှင့် ကိုက်ညီနေသည့်အတွက် MYEA Virtual Networking Event ကို အသွင်ပြောင်းကာ "Virtual Christmas & Year End Party" အဖြစ် ၂၀၂၀ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၉)ရက်၊ စနေနေ့ ညနေ ၆ နာရီတွင် Zoom Online Platform ပေါ်၌ ကျင်းပပြုလုပ်သွားပါမည်။

အဆိုပါ Networking Event ကို မြန်မာပြည်အနှံ့မှ MYEA အသင်းဝင်ညီအစ်ကို၊ မောင်နှမများအားလုံးအတူတူ သိုက်သိုက်ဝန်းဝန်းနှင့် ပျော်ပျော်ပါးပါးဆင်နွှဲနိုင်ရန်အတွက် Entertainment, Lucky Draw အစီအစဉ်၊ Photo Contest နှင့် Game အစီအစဉ်များကိုလည်း Public Relations Committee မှ စီစဉ်ဆောင်ရွက်ထားပါသည်။

လာမည့် (၁၅-၁၂-၂၀၂၀) ညနေ (၅)နာရီ မတိုင်မီ Register ပြုလုပ်ပေးသူများထံသို့လည်း Christmas လက်ဆောင်လေးများကို အိမ်အရောက်ပို့ပေးရန်လည်း စီစဉ်ထားရှိသဖြင့် အသင်းဝင်များအားလုံး ကြိုတင်စာရင်းသွင်းထားရန် လိုအပ်ကြောင်းလည်း အသိပေးအပ်ပါသည်။

❑❑❑

# Entrepreneurs Exclusive Interview

**၁။ လက်ရှိလုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းနဲ့ပတ်သက်ပြီး မိတ်ဆက်ပေးပါဦး။**

Brand You အမည်နဲ့ Image Training Company တည်ထောင်ထားပြီး Corporations and Individuals တွေကို Image & Branding Training နဲ့ Coaching တွေ လုပ်ပေးပါတယ်။ Brand You Academy - Online Learning Platform ကိုလည်းတည်ထောင်ထားပြီး Image, Branding, Personality Development programs တွေ ဖွင့်လှစ်ထားပါတယ်။

**၂။ ယခုစီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး အဓိကရည်ရွယ်ချက် နဲ့ Idea ဘယ်လိုစရခဲ့တာလဲ?**

Academy of Image Mastery (Singapore) နဲ့ London Image Institute မှာ ပုံရိပ်နဲ့ နာမည်ကောင်း၊ ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ ပညာရပ်တွေကို ဒီပလိုမာယူခဲ့ပါတယ်။ မြန်မာနိုင်ငံကို ၂၀၁၅ မှာ ပြန်လာခဲ့ချိန်မှာ လုပ်ငန်းရှင်တွေနဲ့ပရော်ဖက်ရှင်နယ်တွေ၊ အမျိုးသမီးတွေအနေနဲ့ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်အလုပ်လုပ်တဲ့အခါ ဒီပညာရပ်တွေက အကျိုးရှိမယ်၊ အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်တဲ့အတွက် စဖြစ်ခဲ့ပါတယ်။

**၃။ စီးပွားရေးလုပ်ငန်းရဲ့ ဆောင်ပုဒ်ကို သိပါရစေ။**

To transform the Image of Myanmar in the Global Market.

မြန်မာနိုင်ငံရဲ့ပုံရိပ် ကမ္ဘာ့အလယ်မှာ အသွင်ပြောင်းလဲတိုးတက်လာစေရန် ဖြစ်ပါတယ်။ ရေရှည်ရည်မှန်းချက်ကတော့ ပုံရိပ်နှင့် နာမည်ကောင်းတည်ဆောက်ခြင်းနည်းပညာများကို အသုံးပြုပြီး မြန်မာနိုင်ငံသားများရဲ့ မိမိကိုယ်ကို ယုံကြည်မှု၊ ကိုယ်ရည်ကိုယ်သွေး၊ အများယုံကြည်လက်ခံနိုင်စွမ်းနဲ့ စွမ်းဆောင်ရည်တို့ ကို မြှင့်တင်ပေးဖို့ ရည်ရွယ်ပါတယ်။

**၄။ လက်ရှိဦးဆောင်လုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းက မိမိနိုင်ငံရဲ့ နယ်မြေဒေသ၊ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပတ်ဝန်းကျင်ကို မည်သို့ မည်ပုံ အထောက်အကူပြုပါသလဲ?**

အဖွဲ့အစည်းတွေနဲ့ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ဈေးကွက်မှာ ပြိုင်ဆိုင်ကြတဲ့အခါ၊ ယုံကြည်မှုကိုတည်ဆောက်တဲ့အခါ၊ ရေရှည်ရပ်တည်ချင်တဲ့အခါ၊ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်တဲ့အခါမှာ Image & Brand တည်ဆောက်ခြင်းတွေက အရေးကြီးပါတယ်။ လူတစ်ယောက်ချင်းအနေနဲ့ဆိုရင် သူ့ရဲ့လုပ်ငန်းခွင်မှာ၊ မိသားစုနဲ့ လူမှုပတ်ဝန်းကျင်မှာ ကောင်းမွန်တဲ့၊ ရေရှည်ခိုင်မာတဲ့ ပုံရိပ်ရှိမယ်ဆိုရင် တိုးတက်မှုမြန်ဆန်ပြီး သူသွားချင်တဲ့ ပန်းတိုင်ကို အမြန်ဆုံးရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။

**၅။ မိမိလုပ်ငန်း ယခုထက်ပိုမို တိုးချဲ့လုပ်ကိုင်ဖို့အတွက် မည်သည့်အရာက အဟန့်အတားရှိနေပါသလဲ။ (ဈေးကွက်ရရှိနိုင်မှု၊ ငွေကြေးရရှိနိုင်မှု)**

Training & Development Industry က ကြီးထွားလာတာနဲ့အမျှ ကိုယ့်လုပ်ငန်းကို ချဲ့ထွင်ရတာတွေလည်း ရှိပါတယ်။ ဒါကြောင့် ၄ နှစ် လုံးလုံး Training & Coaching services တွေ ပေးနေရာကနေ ၂၀၂၀ April မှာ



ထက်ရည်
Founder of Brand You
Co-Founder of Brand You Academy





Online Learning Platform ကို စတင်ဖွင့်လှစ်ခဲ့တာပါ။

**၆။ မိမိလုပ်ငန်းကို စဉ်ဆက်မပြတ်အောင်မြင်တိုးတက်ဖို့ ဘယ်လိုအစီအစဉ်များနဲ့ လုပ်ကိုင်နေလဲ?**

နိုင်ငံတကာနဲ့ မြန်မာနိုင်ငံက ပညာရေးလုပ်ငန်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်လုပ်ဆောင်ပါတယ်။ သင်ကြားရေးဆိုင်ရာ ဆရာတွေနဲ့ ချိတ်ဆက်တာ၊ ဝန်ဆောင်မှုကောင်းကောင်းပေးတာတွေအပြင် ဈေးကွက်ရဲ့ လိုအပ်ချက်ကိုလည်း မျက်ခြေမပြတ်သတိထားစောင့်ကြည့်ဖြစ်ပါတယ်။ ကိုယ်တိုင်နဲ့ ဝန်ထမ်းတွေရဲ့ သင်ယူလေ့လာမှုတွေကို အဆက်မပြတ်တိုးတက်နေအောင် လုပ်ဆောင်ပါတယ်။ လူမှုရေးအဖွဲ့အစည်းတွေမှာလည်း ပါဝင်လုပ်ဆောင်တဲ့အတွက် လုပ်ငန်းအတွက် အများကြီးအကျိုးရှိပါတယ်။ MYEA အပြင် တခြားသော မြန်မာနိုင်ငံတွင်းအဖွဲ့အစည်းတွေမှာလည်း ပါဝင်ပါတယ်။ AICI (Association of Image Consultants International), Singapore Chapter ရဲ့ Vice President တစ်ယောက်အနေနဲ့လည်း တာဝန်ယူထားပါတယ်။

**၇။ မိမိလုပ်ငန်းနဲ့ပတ်သက်ပြီး စိန်ခေါ်မှုများရှိလာတဲ့အခါ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အနေနဲ့ မည်သို့ ဖြတ်ကျော်ခဲ့သလဲ။**

စိန်ခေါ်မှုတွေက အမြဲလိုပဲ ရှိနေပါတယ်။ ကျွန်မအနေနဲ့ကတော့ မိမိထက်ပိုပြီးတတ်ကျွမ်းတဲ့၊ အတွေ့အကြုံရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဆီကနေ သင်ယူပါတယ်။ တခြားသူတွေဘယ်လို ဖြတ်ကျော်ခဲ့သလဲဆိုတာတွေ အဆက်မပြတ်လေ့လာပါတယ်။ တော်ရုံစိတ်မပျက်တတ်တာမို့ ရှိတဲ့အခြေအနေအပေါ်မှာ ရလဒ်ထွက်အောင် ဘယ်လိုအကောင်းဆုံးလုပ်ဆောင်ရမလဲဆိုတာပဲစဉ်းစားပြီး Team နဲ့တူတူကြိုးစားအလုပ်လုပ်ကြပါတယ်။

**၈။ ပြည်တွင်း၊ ပြည်ပမှာ အောင်မြင်မှုတွေ ရရှိခဲ့ဖူးတာတွေ၊ ဆုတံဆိပ်ရရှိခဲ့ဖူးတာတွေရှိရင်လည်း ပြောပြပေးပါ။**

ပြည်ပမှာဆိုရင် 2017 ASEAN Business Awards မှာ National Woman Entrepreneur of the Year, ပြည်တွင်းမှာ 2020 Global Entrepreneurship Award (Myanmar Finalist), 2016 Myanmar Young Inspirational Woman Award, 2016 Young Start-up Award (First Runner Up)။ Personal Branding နဲ့ပတ်သက်တဲ့ ပထမဆုံးစာအုပ် The Brand In You ကို ၂၀၁၉ စက်တင်ဘာလမှာ ရေးသားထုတ်ဝေခဲ့ပြီး ဒုတိယမြောက်စာအုပ်ကို ၂၀၂၁ ဇန်နဝါရီလထဲမှာ ထုတ်ဝေသွားဖို့ရှိပါတယ်။

**၉။ Covid-19 ဖြစ်ပွားနေတဲ့ Stay Home ကာလမှာ ဘာတွေလုပ်ဖြစ်လဲ? (အများအကျိုးပြုလုပ်ငန်းများရှိရင်လည်း ပြောပြပေးပါ)**

အလှူအတန်းတွေအပြင် ပညာရေးဆိုင်ရာဟောပြောမှုတွေ၊ တီဗွီ၊ ရေဒီယိုနဲ့ ဆိုရှယ်မီဒီယာမှာ မျှဝေမှုတွေ၊ Webinars တွေ အများကြီးလုပ်ဖြစ်ပါတယ်။ လူငယ်တွေ၊ ပရော်ဖက်ရှင်နယ်တွေနဲ့ အမျိုးသမီးတွေအတွက် ကိုယ်ရည်ကိုယ်သွေးတိုးတက်စေဖို့ရည်ရွယ်ပြီး စာရေးသားမှုတွေ၊ ဗီဒီယိုတွေနဲ့ campaign တွေမှာ ပါဝင်ဖြစ်ပါတယ်။ Vice President အဖြစ် တာဝန်ယူထားတဲ့ AICI အဖွဲ့အစည်းရဲ့ global members ဝင်တွေအတွက်လည်း Branding နဲ့ ပတ်သက်တဲ့ webinars တွေ တော်တော်များများ စီစဉ်ပေးဖြစ်ပါတယ်။

**၁၀။ MYEA အသင်းကို ဝင်ရောက်ဖြစ်ခဲ့ပုံ ပြောပြပေးပြီး အသင်းအပေါ် တာဝန်ယူဆောင်ရွက်ပေးခဲ့တာတွေနဲ့ လက်ရှိတာဝန်ယူပေးနေတာတွေရှိရင် အနည်းငယ်ပြောပြပေးပါ။**

လုပ်ငန်းစတင် တည်ထောင်ပြီးကတည်းက မိတ်ဆွေတစ်ယောက်ရဲ့ မိတ်ဆက်ပေးမှုကြောင့် ဝင်ရောက်ဖြစ်ခဲ့ပါတယ်။ Education Committee မှာ တစ်နှစ်၊ Entrepreneurship Development Committee မှာ တစ်နှစ်၊ Public Relations Committee မှာ နှစ်နှစ်လုပ်ဆောင်ခဲ့ပါတယ်။ လက်ရှိမှာ အမှုဆောင်တစ်ဦး ဖြစ်ပါတယ်။

**၁၁။ လုပ်ငန်းရှင်တစ်ဦးအနေနဲ့ MYEA အသင်းကို ဝင်ရောက်လာတဲ့အချိန်မှာ မိမိရဲ့စီးပွားရေး၊ လူမှုရေးစတဲ့အရာတွေကို အသင်းက ဘယ်လိုအထောက်အကူပြုတာတွေ ဖြစ်စေခဲ့ပါသလဲ။**


MYEA ရဲ့ အသင်းသားတစ်ယောက်ဖြစ်ရခြင်းက ကျွန်မရဲ့ လုပ်ငန်းအတွက်ရော၊ လူမှုဆက်ဆံရေးနဲ့ ကွန်ယက်ချဲ့ထွင်ခြင်းမှာပါ အများကြီးအကျိုးရှိခဲ့ပါတယ်။ မြန်မာနိုင်ငံစီးပွားရေးလောကရဲ့ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုပုံစံတွေကို သိရတဲ့အပြင် အသင်းကစီစဉ်ပေးတဲ့ သင်တန်းတွေ၊ ဟောပြောပွဲတွေမှာ နိုင်ငံရဲ့အထင်ကရ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ၊ ပညာရှင်ကြီးတွေဆီကနေ သင်ယူရပါတယ်။ သူတို့ရဲ့ အတွေးအခေါ်၊ လုပ်ငန်းလုပ်ဆောင်ပုံတွေ၊ ကွန်ယက်ချိတ်ဆက်ပြီး ပူးပေါင်းအလုပ်လုပ်ကိုင်ပုံတွေက ကျွန်မအပေါ်မှာ အများကြီး သက်ရောက်မှုရှိခဲ့ပါတယ်။

**၁၂။ နောက်ဆုံးမေးခွန်းလေးကတော့ လူငယ်လုပ်ငန်းရှင်တစ်ဦးအနေနဲ့ အသင်းထဲမှ အသင်းဝင်တွေကို လုပ်ငန်းနဲ့ပတ်သက်ပြီး အကြံပေးစကားမျှဝေပြောပြပေးပါ။**

အခုလို Pendemic ကာလမှာတော့ လုပ်ငန်းတိုင်းက ရှင်သန်ရပ်တည်နိုင်ဖို့ အကောင်းဆုံးကြိုးစားရတဲ့ အချိန်ဖြစ်ပါတယ်။ ကိုယ့်လုပ်ငန်းရှင်သန်ရပ်တည်နိုင်မလား၊ တိုးတက်အောင် လုပ်ဆောင်နိုင်မလားဆိုတာက လုပ်ငန်းရှင်တွေ၊ ခေါင်းဆောင်တွေရဲ့အပေါ်မှာ အများကြီးမူတည်နေတယ်လို့ ထင်ပါတယ်။ မလျှော့တဲ့ ဇွဲသတ္တိအပြင်၊ လုံ့လ၊ ဝီရိယရယ်၊ အပြောင်းအလဲတွေကို မျက်ခြေမပြတ်လေ့လာမှုရယ်၊ နောက်ပြီး MYEA အသင်းကြီးကပေးနေတဲ့ Member Benefits တွေရယ်ကို အကောင်းဆုံးအသုံးချပြီး ရှင်သန်ရပ်တည်ကျော်ဖြတ်တိုးတက်အောင်မြင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

# BCGE+MYANWEN+MYEA+MWEA တို့ ပူးပေါင်းကျင်းပခဲ့သည့် "Creating Safe and Happy Workplaces for Entrepreneurs"

ပြီးခဲ့သည့် ဒီဇင်ဘာလ(၈)ရက်၊ နေ့လည် (၁)နာရီ တွင် MYEA ၏မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် BCGE၊ MYANWE၊ MWEA အစရှိသည့် အဖွဲ့အစည်းများနှင့်ပူးပေါင်းစီစဉ်ကျင်းပခဲ့သည့်Creating Safety and Happy Workplaces For Entrepreneurs အစီအစဉ်အား Zoom ဖြင့်ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် MYEA ၏ ဥက္ကဋ္ဌ ဒေါက်တာအောင်သူရမှ အမှာစကားပြောကြားခဲ့ပြီး စီမံခန့်ခွဲရေးကော်မတီမှတာဝန်ရှိသူများ၊ အသင်းဝင်အချို့လည်း ကြိုတင်စာရင်းပေးသွင်းကာ တက်ရောက်ခဲ့ကြပါသည်။




# MYEA နှင့် MHR Management Institute တို့ ပူးပေါင်းစီစဉ်တင်ဆက်မည့် "Building Resilience in Uncertain Times" Panel Discussion




MYEA နှင့် MHR Management Institute တို့ ပူးပေါင်းစီစဉ်တင်ဆက်သည့် "Building Resilience in Uncertain Times" Panel Discussion အား လာမည့် ဒီဇင်ဘာလ (၂၇) ရက်၊ တနင်္ဂနွေနေ့၊ နေ့လည် (၃) နာရီမှ (၅) နာရီအထိ Zoom Webinar ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

Covid -19 ကြောင့် ကမ္ဘာတစ်ဝှမ်းတွင် အခက်အခဲတွေ အနှောင့်အယှက်တွေကို ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် မသေချာမရေရာသည့် အခြေအနေများတွင် ခံနိုင်ရည်ရှိရန်နှင့် တောင့်ခံနိုင်ရန်လည်း အရေးကြီးသဖြင့် စိတ်ဓာတ်မကျဘဲ ခံနိုင်စွမ်းရည်တွေကို တည်ဆောက်မှုနှင့်ပတ်သက်သောအကြောင်းအရာများကို ဆွေးနွေးသွားမည်ဖြစ်သည်။

Panel Discussion တွင် အထူးဖိတ်ကြားထားသောနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များမှာ Panelistများအဖြစ် Dr. Zaw Naing - Managin Director (Mandalay Technology)၊ U Htun Htun Naing - Chairman & Group CEO (Blue Ocean Investment) )(Blue Ocean Operation Management) (Former President – MYEA၊ Daw Aye Myat Myat Thu - CEO & Founder(Myanmar Hand in Hand Marketing) (Vice President-MYEA) နှင့် Moderator အဖြစ် Daw Swe Zin Aye - Managing Director/Founder (MHR Management Institute) တို့ဖြစ်ပါသည်။

ယခု Panel Discussion အား MYEA နှင့် MHR တို့၏ Facebook Page မှလည်း တိုက်ရိုက် Live ထုတ်လွှင့်ပေးသွားမှာဖြစ်သည့်အပြင် စိတ်ပါဝင်စားပြီးတက်ရောက်လိုသည့် အသင်းဝင်များအနေဖြင့် MYEA's Official Facebook Page နှင့် MHR Management Institute Facebook Page တို့တွင် ကြော်ငြာထားသည် Zoom Registration Link မှတဆင့် (၂၆.၁၂.၂၀၂၀)စနေနေ့ နေ့လည်(၃) နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

Registration Link - https://us02web.zoom.us/webinar/register/WN_JVLvcyGfRyWp7JMMPgW8RA



MYEA
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION
NEWSLETTER
DECEMBER -2020

# GEW 2020 အထိမ်းအမှတ်အဖြစ် "Going Digital" Webinar ကျင်းပ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုဝင်ဘာလဒုတိယအပတ်တွင် နှစ်စဉ်ကျင်းပလေ့ရှိသော စွန့်ဦးတီထွင်ရက်သတ္တပတ် (Global Entrepreneurship Week – GEW) ကို ၂၀၁၈ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) မှ National Host အဖြစ် ကျင်းပလာခဲ့ရာ ၂၀၂၀ ခုနှစ်တွင်လည်း နိုဝင်ဘာလ (၁၆) ရက်နေ့မှ (၂၂) ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ မိခင်အသင်းဖြစ်သည့် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) မှ National Host အဖြစ် ဦးစီးကာ ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (YRYEA) မှ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်နေ့တွင် "Going Digital" ခေါင်းစဉ်ဖြင့် Webinar ကို စီစဉ်ကျင်းပခဲ့ပါသည်။ အဆိုပါ webinar အစီအစဉ်တွင် Moderator အဖြစ် ဒေါ်သီရိရတနာကျော် (Founder & CEO, T Capital Limited) မှ တာဝန်ယူဆောင်ရွက်ပေးခဲ့ပြီး panelist များမှာ ဦးသောင်းတင် (Founder & Chairman, (Knowledge Management Dedication (KMD) Co., Ltd), Vice President (UMFCCI), ဒေါက်တာထွန်းသူရသက် (Founder & CEO (Myanmar Information Technology Co., Ltd), Vice President (Myanmar Computer Federation), ဦးအောင်ကျော်မိုး (Founder & Group CEO, 2C2P) တို့ဖြစ်ကြပါသည်။ အဆိုပါအွန်လိုင်းဆွေးနွေးပွဲတွင် ဒစ်ဂျစ်တယ်နည်းပညာပြောင်းလဲအသုံးချခြင်းနှင့်ပတ်သက်သည့် အရေးပါပုံများကို ဆွေးနွေးပြောကြားပေးခဲ့ကြပြီး အွန်လိုင်းဆွေးနွေးပွဲကို တက်ရောက်ကြသည့် လူငယ်လုပ်ငန်းရှင်များကလည်း သိရှိလိုသည်များကို ပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။




# Digital Transformation Guide by YRYEA

ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (YRYEA) မှ အသင်းသားများအတွက် ဗဟုသုတများရရှိစေရန်အတွက် အမျိုးမျိုးသောသင်တန်းများကို ပို့ချပေးလျက်ရှိရာ နိုဝင်ဘာလ ၁၃ ရက်မှစတင်ကာ "Digital Transformation Guide by YRYEA" ခေါင်းစဉ်ဖြင့် နည်းပညာသင်တန်းတစ်ခုကို အွန်လိုင်းမှ သင်ကြားပို့ချပေးခဲ့ပါသည်။ အဆိုပါသင်တန်းသည် တစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် ရက်သတ္တလေးပတ် ပို့ချပေးသည့် အွန်လိုင်းသင်တန်းဖြစ်ပြီး YRYEA အသင်းဝင်များအနေဖြင့် အခမဲ့တက်ရောက်နိုင်သည့် သင်တန်းတစ်ခုဖြစ်ပါသည်။ သင်တန်းတွင် သင်ကြားပေးခဲ့သည့်နည်းပြဆရာများနှင့် သင်ရိုးခေါင်းစဉ်များမှာ ဦးလင်းခန့်ကျော် (Director, Sunfix Consulting Myanmar Co., Ltd) မှ General Introduction about Digital Road Map Plan၊ ဦးအေးဝင်းမြတ် (Director, Innovative Global Wave Technology)မှ Digital Transformation Roadmap – Practical Implementations Perspectivesတို့ကိုပထမအပတ်တွင် သင်ကြားပေးခဲ့ပါသည်။ သင်တန်းဒုတိယအပတ်တွင် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်မှအမှာစကားပြောကြားပေးခဲ့ပြီး သင်တန်းနည်းပြများနှင့် သင်ရိုးခေါင်းစဉ်များမှာ ဦးမင်းဟန်ထွန်း (CFA, Academic Director & Co-Founder Matrix Institute of Professionals) မှ Data to Information:Key Metrics in Business၊ ဦးဖြိုးမင်းဇော် (Managing Director, Odoo by 7th Computing) မှ Cloud Accounting Management System တို့က သင်ကြားပေးခဲ့ကြပြီး ဒီဇင်ဘာလလယ်အထိ သင်တန်းများကိုဆက်လက်ပို့ချသွားပါမည်။

# MYEA အသင်းဝင်သစ်များအား ဂုဏ်ပြုကြိုဆိုခြင်း

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA) သို့ အသင်းဝင်ခွင့်အား အွန်လိုင်းမှတစ်ဆင့်လျှောက်ထားသူများနှင့် လူကိုယ်တိုင်လာရောက်လျှောက်ထားသူများမှ (အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း) အသင်းဝင်အဖြစ် အသိအမှတ်ပြုခြင်းခံရသည့် အသင်းသူ၊ အသင်းသားသစ်များအား MYEA မှ နွေးထွေးလှိုက်လှဲစွာကြိုဆိုအပ်ပါသည်။



Name : Soe Zin Oo Htet
Company /Title : TLB Group Co., Ltd.,Managing Director,
Member Type : Executive Member
Business Category : Service
State/Region : Yangon



Name : Sai Young Yood
Company /Title : Vanguard Myanmar Co.,Ltd, Director
Member Type : Executive Member
Business Category : Service
State/Region : Yangon



Name : Dr. Yazar Yan Aung
Company /Title : Brave Security Service, Director
Member Type : Executive Member
Business Category : ---
State/Region : Yangon



Name : Daw Yee Mon Oo
Company /Title : New Ever Best Trading Co., Ltd./ Co-Director
Member Type : Executive Member
Business Category : Manufacturing / Region - Yangon



Name : U Kaung Htet Zaw
Company /Title : JK Paradise Co., Ltd.,Co Founder
Member Type : Executive Member
Business Category : Service
State/Region : Yangon



Name : Daw Le' Thinzar Tu
Company /Title : Skyfy Technology Myanmar/ BDM
Member Type : Associate Member
Business Category : Technology
State/Region : Yangon



Name : U Kyi Min Han
Company /Title : Kyi Min Brothers Co, Ltd, Director
Member Type : Executive Member
Business Category : Construction
State/Region : Yangon




Name : Daw Khine Thazin Oo
Company /Title : Automobile Network Co., Ltd./Manager
Member Type : Associate Member
Business Category : Service
State/Region : Yangon



Name : Thin Yu Hlaing
Company /Title : Q.T.E.C Learning Center,Founder
Member Type : Executive Member
Business Category : Service
State/Region : Yangon



Name : Daw Khin Myo Thazin
Company /Title : Myanmar Agro Exchange Public Co., Ltd / Manager
Member Type : Associate Member
Business Category : Service/ Region : Yangon



Name : Daw Zarchi Win
Company /Title : Dagon Center Shopping Mall, Manager
Member Type : Associate Member
Business Category : Service
State/Region : Yangon



Name : U Soe Hlaig
Company /Title : Student
Member Type : Associate Member
Business Category : ---
State/Region : Bago

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း
Myanmar Young Entrepreneurs Association

ARYEA MSYEA SSYEA



MYEA
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)
MYANMAR YOUNG ENTREPRENEURS ASSOCIATION
NEWSLETTER
DECEMBER -2020

## ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလနှင့်ဒီဇင်ဘာလ(၁၆)ရက်နေ့အထိ ကျင်းပခဲ့သည့်အစည်းအဝေးများ

| စဉ် | ကျင်းပသည့်နေ့ရက်/နေရာ | အစည်းအဝေးများ |
|---|---|---|
| ၁။ | ၂၅-၁၁-၂၀၂၀ | စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး |
| ၂။ | ၂၅-၁၁-၂၀၂၀ | ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး |
| ၃။ | ၂၇-၁၁-၂၀၂၀ | Public Relations Committee အစည်းအဝေး |
| ၄။ | ၁/၅-၁၂-၂၀၂၀ | Public Relations Committee အစည်းအဝေး |
| ၅။ | ၄-၁၂-၂၀၂၀ | ဗဟိုအလုပ်အမှုဆောင်၊အလုပ်အမှုဆောင်နှင့် ကော်မတီများအစည်းအဝေး |
| ၆။ | ၁၆-၁၂-၂၀၂၀ | စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး |
| ၇။ | ၁၆-၁၂-၂၀၂၀ | ဗဟိုအလုပ်အမှုဆောင်များအစည်းအဝေး |

## ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလနှင့်ဒီဇင်ဘာလများအတွင်း အသင်းဝင်များသို့ အသင်းရုံးမှဖြန့်ဝေစာများ

| No | Invited From | Description | Date/Venue | Invited |
|---|---|---|---|---|
| 1 | Strategy First | Strategy First University Business Plan Competition 2020 | November,2020/ Zoom | Member |
| 2 | All China Youth Federation | China - Myanmar Youth Webinar | 20-Nov-2020/ Zoom | CEC/EC and Regional Association |
| 3 | MYEA | November Virtual Networking Event | 21-Nov-2020/ Zoom | Member |
| 4 | Vietnam Young Entrepreneurs' Association | 5th ASEAN Young Entrepreneurs Carnival 2020 | 30-Nov-2020/ Zoom | CEC,EC |
| 5 | SAM | Meeting with SAM (Singapore Association of Myanmar) | 26-Nov-2020 / Zoom | Management Committee |
| 6 | BEAM Education Education | Covid-19 Relief Project for people in rural areas of Myanmar 2020-2021 | 26-Nov-2020 / Zoom | MYEA, MSYEA,ARYEA |
| 7 | MIFFA | Webinar Training Trade and Digitalisation in Logistics | 8-9/ Dec-2020/ Online | Executive Member |
| 8 | ဂျပန်နိုင်ငံ စီးပွားရေး၊ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန(METI) | Strategic Goods Export Control ဆိုင်ရာ Online Seminar | 22-23/Dec-2020/ Online | Dr.May Pyae Sone Kywe |
| 9 | Department for Promotion of Industry and Internal Trade ( DPIIT), Ministry of Commerce and Industry နှင့် Ministry of External Affairs | BIMSTEC Start- up Conclave | 15-16/January/2021 /Online | Regional Association |